ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

အမိန့်ကြော်ငြာစာအမှတ်၊ ၁၆ / ၂၀၁၈

၁၃၈၀ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၇ ရက်

( ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၄ ရက် )

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

## ကမ်းခြေဒေသရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန်အမိန့်

၁။ ဤအမိန့်တွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေနှင့် မြန်မာနိုင်ငံခရီးသွားလာရေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ ထို့အပြင်အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **ကမ်းခြေ** ဆိုသည်မှာ ပြန့်ပြူးပြေပြစ်သော ဆင်ခြေလျောမြေပြင်တွင် သဘာဝရေပြာ၊ ဖြူဖွေးသန့်ရှင်းသော သဲသောင်နှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ပကတိအတိုင်းတည်ရှိနေပြီး အပန်းဖြေသူများအား ဘေးအန္တရာယ်ကင်းရှင်း၍ စိတ်ချမ်းမြေ့ပျော်ရွှင်မှုကိုရရှိစေရန် ခရီးသွားလုပ်ငန်းဝန်ဆောင်မှု ပေးနိုင်သည့် ကမ်းခြေကို ဆိုသည်။

**(ခ)** **ကမ်းခြေဒေသ** ဆိုသည်မှာ ပြည်တွင်း / ပြည်ပခရီးသွား ဧည့်သည်များ အပန်းဖြေခြင်း၊ လည်ပတ်ခြင်း၊ သွားလာခြင်းနှင့် တည်းခိုနေထိုင်ခြင်းများ ဆောင်ရွက်နိုင်ပြီး ရေ၊ မြေနှင့် သဘာဝပတ်ဝန်းကျင်အခြေခံများ ပကတိအတိုင်းရှိ၍ ဒေသခံများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် လူနေမှုဘဝအခြေအနေများကို လေ့လာနိုင်သော ခရီးသွားလုပ်ငန်းဝန်ဆောင်မှုပေးရန် သင့်လျော်သည့် ကမ်းခြေဒေသကို ဆိုသည်။

(ဂ) **သဘာဝအခြေခံခရီးသွားလုပ်ငန်း** ဆိုသည်မှာ သဘာဝအရ တည်ရှိနေသော ဒေသများသို့ ယင်းဒေသထိန်းသိမ်းရေးအတွက်နှင့် ဒေသခံတို့၏ သာယာဝပြောရေးအတွက် တာဝန်သိစွာ ခရီးသွားသော ခရီးစဉ်ကို ဆိုသည်။

၂။ ကမ်းခြေဒေသတွင် ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာများ တည်ဆောက်ရန် မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေနှင့် တည်ဆဲဥပဒေများနှင့်အညီ တင်ပြရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိသူသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာများ၊ အပန်းဖြေစခန်းများ တည်ဆောက်ရာတွင် ကမ်းခြေဒီရေ အတက်ဆုံးနေရာမှ အနည်းဆုံးမီတာ၅၀ သို့မဟုတ် ၁၆၄ပေ အကွာမှ စတင်၍ ကုန်းတွင်းဘက် တွင် အဆောက်အအုံ တည်ဆောက်ရန်၊

(ခ) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာများ၊ အပန်းဖြေစခန်းများ တည်ဆောက်ရာတွင် အဆောက်အအုံ၏ ကြမ်းခင်းမျက်နှာပြင်မှ အဆောက်အအုံ၏အမြင့်ဆုံးနေရာအထိ ၁၀ မီတာ (သို့မဟုတ်) ၃၂.၈ ပေထက်မမြင့်သော ၃ ထပ် အဆောက်အအုံထက်မပိုစေရန်၊

(ဂ) အဆောက်အအုံကို ကမ်းခြေဒေသနှင့် လိုက်လျောညီထွေမှုရှိသော ဒီဇိုင်း၊ အရောင်အသွေးဖြင့် ဆောက်လုပ်ရန်၊

(ဃ) ကမ်းခြေအား ပျက်စီးထိခိုက်စေသည့် အကာအရံတံတိုင်းများ ကာရံထားခြင်းမပြုလုပ်ရန်၊

(င) တည်ဆောက်ရေးလုပ်ငန်းများတွင် ကမ်းခြေရှိ ကျောက်ဆောင်များ ဖြိုချခြင်း၊ သဲများတူးယူ၍ မြေဖို့ခြင်းနှင့် အသုံးပြုခြင်း မပြုလုပ်ရန်၊

(စ) အများပြည်သူသွားလာရန်အတွက် ဒေသမှ သတ်မှတ်ထားသည့် ကမ်းခြေဆင်းလမ်းများဖောက်လုပ်ထားရှိရန်၊

(ဆ) တောင်ကုန်းများပေါ်တွင် ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ တည်ဆောက်ပါက မြေ ၊ အဆောက်အအုံနှင့် လမ်းနေရာ အတွက် လိုအပ်သည့်ပြုပြင်မှုများကို သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရန်၊

(ဇ) အသုံးပြုခွင့် ရရှိပြီးသည့် မြေ၌သာ ဆောက်လုပ်ရန်၊

(ဈ) ကမ်းခြေဒေသအတွင်း ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာများ ဆောက်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟ စနစ်များ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများ၏ အကြံပြုချက်ရယူ၍ လိုက်နာဆောင်ရွက်ရန်၊

(ည) ကမ်းခြေဒေသရေရှည် တည်တံ့ခိုင်မြဲရေးအတွက် အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်။

၃။ ကမ်းခြေဒေသတွင် ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာများ ဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လိုသူသည် တည်ဆောက် ခွင့်ပြုချက် ရရှိပြီး နောက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်ကို မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေအရ လျှောက်ထားရယူရမည်။

(ခ) ဒေသဆိုင်ရာနှင့်သက်ဆိုင်ရာဌာနအသီးသီးတို့၏ ညွှန်ကြားချက်နှင့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာရမည်။

(ဂ) ကမ်းခြေဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခြင်းကိုခံယူရမည်။

(ဃ) ဦးစီးဌာနနှင့်ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်း၊ အစိုးရဌာနများက သတ်မှတ်ထားသောစာရင်းများနှင့် မှတ်တမ်းများကို သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ ပေးပို့ရမည်။

(င) သတ်မှတ်ခွင့်ပြုချက်ရသော မြေအကျယ်အဝန်းထက် ပိုမို၍ မြေတိုးချဲ့ခြင်း မပြုရ။

(စ) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၊ စည်ပင်သာယာရေးအဖွဲ့တို့နှင့်ညှိနှိုင်း၍ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေးအတွက် နေရာသတ်မှတ်၍ စနစ်တကျစွန့်ပစ်ရန် စီမံဆောင်ရွက်ရမည်။

(ဆ) ပြည်တွင်း ပြည်ပ ဧည့်သည်များ စိတ်ကျေနပ်မှုရစေရန် အဆင့်မီသောဝန်ဆောင်မှု ပေးရမည်။

(ဇ) တည်းခိုသူ ဧည့်သည်များအတွက် ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံမှုရှိသော အိပ်ခန်းများကို ဖွဲ့စည်းရန်နှင့် အသက်ကယ်အင်္ကျီ လုံလောက်စွာ ထားရှိရမည်။

(ဈ) ဟိုတယ်များသည် အခြားသော ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်မည် ဆိုပါက သက်ဆိုင်ရာဌာန အဖွဲ့အစည်း၏သီးခြားခွင့်ပြုချက် ရယူထားရမည့်အပြင် မြန်မာ့ဓလေ့ထုံးစံနှင့် အညီ ပြုမူဆောင်ရွက်ရမည်။

(ည) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ ပရိဝုဏ်ရှိ အပန်းဖြေနယ်မြေသည်အများ အသုံးပြုသော မော်တော်ကားလမ်း၏ လမ်းနယ်နမိတ်တွင်ပါဝင်ခြင်းမရှိစေရန် သတ်မှတ်ဆောင်ရွက်ရမည်။

(ဋ) မိမိဟိုတယ်အလိုက် ပင်လယ်ကမ်းခြေတွင် ခရီးသည်များ အပန်းဖြေအနားယူစဉ်ကာလအတွင်း လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များကို မြင်သာသည့် နေရာတွင် သတိပေးဆိုင်းဘုတ်များ ရေးသားစိုက်ထူခြင်း၊ သတိပေးပြောကြားခြင်းများကို ဆောင်ရွက်ရမည်။

(ဌ) ဝန်ထမ်းအားလုံးသည် တာဝန်ချိန်တွင် မိမိ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာအလိုက် တူညီသော သတ်မှတ်ဝတ်စုံ ဝတ်ဆင် ရမည်။

(ဍ) မိမိဟိုတယ်၊ မိုတယ်၊ အပန်းဖြေစခန်း၊ တည်းခိုခန်းရှေ့မျက်နှာစာနှင့် ပင်လယ်ကမ်းစပ် အကြား သဲသောင်ပြင် သန့်ရှင်းရေးကို မိမိဟိုတယ်ရှေ့ မျက်နှာစာအလိုက် တာဝန်ယူ ထိန်းသိမ်းရမည်။

(ဎ) လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်က တာဝန်ပေးအပ်ထားသည့် စီမံခန့်ခွဲသူမန်နေဂျာ သို့မဟုတ် ကြီးကြပ်သူ သို့မဟုတ် အခြားလုပ်သားတစ်ဦးဦးက လုပ်ငန်းနှင့်စပ်လျဉ်း၍ တာဝန်ပျက်ကွက်လျှင်ဖြစ်စေ၊ တည်ဆဲဥပဒေနှင့်စည်းကမ်းချက်များကို ဖောက်ဖျက် ကျူးလွန်လျှင်ဖြစ်စေ ယင်းတာဝန်ပျက်ကွက်မှု သို့မဟုတ် ဖောက်ဖျက်ကျူးလွန်မှု အတွက် လုပ်ငန်းရှင် နှင့် ကျူးလွန်သူတွင် တာဝန်ရှိစေရမည်။

၄။ ကမ်းခြေဒေသတွင် ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းအပြင် သယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

(က) ကမ်းခြေရေပြင်တွင် ရေလွှာလျှောစီး(JetSki)မောင်းနှင်ခြင်း၊ အမြန်ယာဉ်၊ မော်တော်ဘုတ်၊ ရွက်လှေ၊ သင်္ဘော၊ ရာဘာလှေ၊ တာယာဘောကွင်းများ ငှားရမ်းခြင်းလုပ်ငန်းနှင့် ရေငုပ် ခြင်း(Scuba Diving & Snorkelling) လုပ်ငန်းများဆောင်ရွက်လိုပါက သက်ဆိုင်ရာ ဌာန အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ရယူရမည်၊

(ခ) ဧည့်သည်များ အပန်းဖြေ စိတ်ပျော်ရွှင်မှုအတွက် မြင်း၊ မြင်းလှည်း၊ နွား၊ နွားလှည်း၊ စက်ဘီး၊ ဆိုင်ကယ် နှင့် အပန်းဖြေရန် ဝန်ဆောင်မှုလုပ်ငန်းများအတွက် သက်ဆိုင်ရာ ဌာန အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ရယူရမည်၊

(ဂ) သဲသောင်ပြင်တွင် မီးပုံပွဲ၊ မီးပုံးပျံ လွှတ်တင်ခြင်းများပြုလုပ်လိုပါက ဒေသန္တရ စည်းကမ်း များ လိုက်နာရမည်။

၅။ ကမ်းခြေဒေသတွင် ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းရှင်များ အနေဖြင့် ကမ်းခြေဒေသ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးအတွက် အောက်ပါအတိုင်း စီမံဆောင်ရွက် ထားရှိရမည်-

(က) ဧည့်သည်များ၏ ဘေးအန္တရာယ်ကာကွယ်ရေးအတွက် ဒေသဆိုင်ရာတာဝန်ရှိ ဌာနများမှ ဒေသတစ်ခုလုံးအတွက် ရေးဆွဲထားသောသဘာဝဘေးအန္တရာယ်ကာကွယ် တားဆီးရေး စီမံချက်ဘောင်အတွင်း အကျုံးဝင်သော စီမံချက်ကို ညှိနှိုင်းရေးဆွဲထားရမည်။

(ခ) စီမံချက်ပါအချက်များအတိုင်း ဧည့်သည်များ၊ ဝန်ထမ်းများ လိုက်နာဆောင်ရွက်နိုင်စေရန် အသိပေးခြင်းနှင့် လိုအပ်ပါက ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ထားရမည်။

(ဂ) ဆူနာမီလေပြင်းမုန်တိုင်း၊ မြေငလျင်စသည့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လက်လှမ်းမီသမျှ သတင်းရယူ၍ မိမိတို့နားလည်သမျှအချက်အလက်များကို တည်းခို နေထိုင်သည့် ဧည့်သည်များထံ အသိပေးထားရန်နှင့် ကြိုတင်သိရှိစေရန်အချက်ပေးစနစ် စီမံထားရှိရမည်။

(ဃ) သဘာဝဘေးအန္တရာယ်ကျရောက်လျှင် ရှောင်ရှားရမည့်နေရာများ၊ စုရုံးပုန်းခိုနိုင်သည့် နေရာများ၊ ယင်းနေရာများသို့ သွားလာနိုင်သည့် လမ်းကြောင်းများနှင့် ဆက်သွယ်ရေး စနစ်များကို မြေပုံကားချပ်များရေးဆွဲ၍ ဧည့်သည်များ သိရှိစေရန် ဆောင်ရွက်ထားရမည်။ ဝန်ထမ်းများကို ဇာတ်တိုက်လေ့ကျင့်ထားရမည်။

(င) သဘာဝဘေးအန္တရာယ်နှင့် သက်ဆိုင်သည့် သတင်းကြိုတင်ရရှိပါက ဧည့်သည်များကို ဘေးကင်းရာသို့ ရွှေ့ပြောင်းနေရာချထားနိုင်စေရန် လုံခြုံစောင့်ရှောက်မှု ပေးနိုင်မည့်အရံ နေရာကို ဒေသဆိုင်ရာအာဏာပိုင်နှင့်ညှိနှိုင်း၍ ကြိုတင်စီမံထားရမည်။ ဝန်ထမ်းများ အားလုံးသို့ အရံနေရာကို အသိပေးထားရမည်။

၆။ ကမ်းခြေဒေသတွင် ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းရှင်များအနေဖြင့် မီးဘေး လုံခြုံရေးအတွက် အောက်ပါတို့ကို စီမံဆောင်ရွက် ထားရှိရမည်-

(က) ကမ်းခြေဒေသရှိ ဟိုတယ်များ၊ ဒေသခံပြည်သူများ၏ လူ၊ ပစ္စည်း နှင့် အဆောက်အအုံများ ၏ မီးဘေးဆိုင်ရာလုံခြုံရေး စီမံချက်ကို ဒေသဆိုင်ရာအာဏာပိုင်၊ မီးသတ်တပ်ဖွဲ့တို့နှင့် သတ်မှတ်ညှိနှိုင်း ရေးဆွဲထားရမည်။

(ခ) ကမ်းခြေဒေသ မီးဘေးလုံခြုံရေးစီမံချက်တွင် ပါဝင်သော ဧည့်သည်များနှင့် ဝန်ထမ်းများမှ ပါဝင်ဆောင်ရွက်ရမည့်အပိုင်းကို ဧည့်သည်တိုင်း၊ ဝန်ထမ်းတိုင်း အလွယ်တကူသိရှိနားလည်စေရန် စီမံဆောင်ရွက်ထားရမည်။

(ဂ) မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကြုံတွေ့ပါက လျင်မြန်စွာ စနစ်တကျ မီးငြိမ်းသတ်ရေးအတွက် လိုအပ်သောအထောက်အကူပြု ပစ္စည်းများ (ဥပမာ မီးသတ်ကိရိယာများ၊ မီးသတ်ဆေးဘူး စသည်တို့) ကို မီးသတ်ဦးစီးဌာန၏ အကြံပြုချက်နှင့်အညီ ပြည့်စုံစွာ ဖြည့်တင်းထားရှိရမည်။

(ဃ) မီးဘေးအန္တရာယ်ကြိုတင်သတိပေးစနစ်နှင့် အချက်ပေးစနစ်များကို သတ်မှတ်၍ အားလုံးသိရှိအောင် အသိပေးထားရမည်။

(င) မီးဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုအပေါ် အရေးပေါ်ပြုစုစောင့်ရှောက်မှု ချက်ချင်းပေးနိုင်စေရန်ဝန်ထမ်းများအား ရှေးဦးသူနာပြုစုနည်းကို သိနားလည်အောင် ဆောင်ရွက်ထားရမည်။

၇။ ကမ်းခြေဒေသတွင် ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းရှင်များအနေဖြင့် တည်းခိုနေသော ဧည့်သည်များအား ကျန်းမာရေးအကာအကွယ်ပေးနိုင်ရေးအတွက် အောက်ပါတို့ကို စီမံ ဆောင်ရွက်ထားရှိရမည်-

(က) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာများတွင် ဧည့်သည်များအား ကျန်းမာရေး အကာအကွယ် အာမခံပေးနိုင်ရေးအတွက် စီမံဆောင်ရွက် ထားရမည်။

(ခ) တည်ခင်းဧည့်ခံ ကျွေးမွေးသော အစားအသောက်များသည် ကျန်းမာရေးလုံခြုံမှု အပြည့်အဝရှိစေရမည်။

(ဂ) ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် စားသောက် ဖွယ်ရာများကို ၆ လ တစ်ကြိမ်ဖြစ်စေ၊ သင့်တော်သည့် ကာလတွင် ကျန်းမာရေးဌာနနှင့်ညှိနှိုင်း၍ ဖြစ်စေ ပုံမှန်စစ်ဆေးမှုများ ဆောင်ရွက်ရမည်။

(ဃ) ကမ်းခြေဒေသတွင် ကြုံတွေ့နိုင်သော ရေမြေဒေသ၊ ရာသီဥတုအလိုက်စားသောက်ဖွယ်ရာများနှင့်သက်ဆိုင်သည့် ကျန်းမာရေးဆိုင်ရာအကြံပြုချက်များကို ကျန်းမာရေးဌာနနှင့် ဒေသခံများထံမှ လေ့လာမှတ်သား၍ ဧည့်သည်များလိုက်နာနိုင်စေရန် အသိပေးဆောင်ရွက်ရမည်။

(င)	ပုံမှန်မဟုတ်သော ကပ်ရောဂါဆန်သည့် ရောဂါဘယများ ပေါ်ပေါက်လာပါက ကျန်းမာရေး ဌာနသို့ အလျင်အမြန်ဆက်သွယ်၍ ရောဂါကာကွယ်ရေးဆိုင်ရာ အစီအမံများ အမြန်ဆုံး ဆောင်ရွက်နိုင်စေရန် စီစဉ်ဆောင်ရွက်ထားရမည်။

(စ)	ဧည့်သည်များ၏ ကျန်းမာရေးနှင့် သက်ဆိုင်သောကိစ္စရပ်များကို အချိန်မရွေး ဖြေရှင်း နိုင်ရန်စီမံဆောင်ရွက်ထားရမည်။

၈။	ကမ်းခြေဒေသတွင် လုပ်ငန်းဆောင်ရွက်မည့် ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ လုပ်ငန်းရှင် များအနေဖြင့် ဤအမိန့်ပါ ဖော်ပြချက်များကို တိကျစွာ လိုက်နာရမည့်အပြင် သက်ဆိုင်ရာ အစိုးရ အဖွဲ့အစည်းများက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့် နှင့် ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရမည်။

၉။	လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူခြင်း ခံရမည်။

၁၀။	ကမ်းခြေဒေသရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန်အမိန့် (၂/၂၀၁၅)ကို ဤအမိန့်ဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ)အုန်းမောင်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၁၉-က(မူဝါဒ) / နပတ / ၀၁၈၆

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၄) ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့အားလုံး

ဤဝန်ကြီးဌာနရှိ ဦးစီးဌာနများအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံတော်ပြန်တမ်းတွင်ထည့်သွင်းဖော်ပြပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့အပ်ပါသည်။

အမိန့်အရ

ရည်မွန်
အမြဲတမ်းအတွင်းဝန်